EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၁၀၆ နိဝင်ဘာ ၄ ရက်၊ ၂၀၂၀

## အထူးကဏ္ဍ

# ကယားပြည်နယ် နိုင်ငံရေးပွတ်တိုက်မှုများ စွပ်စွဲပြစ်တင်ခြင်းမှသည် အခြေခံဥပဒေခုံရုံးဆီသို့




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၌ ကြားနာနေစဉ်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှစတင်ကာ ဦးအယ်လ်ဖောင်းရှိုကို စွပ်စွဲပြစ်တင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်း၍ ပြည်နယ်လွှတ်တော်မှတစ်ဆင့် ကိုယ်စားလှယ်များ၏ ဆန္ဒမဲများ တောင်းခံကာ ပြည်နယ်ဝန်ကြီးချုပ်အား ရာထူးဖယ်ရှားပြီးနောက် လွှတ်တော်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့အကြား ပွတ်တိုက်မှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။

ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် ဝန်ကြီးချုပ်ဟောင်းတဖြစ်လဲ ယခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လက်ရှိအမတ်လောင်း ဦးအယ်လ်ဖောင်းရှိုတို့၏အမှုကို အောက်တိုဘာလ ၆ ရက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အွန်လိုင်းမှ အများပြည်သူကြည့်ရှုခွင့်ပြုထားသည့် e-Court စနစ်ဖြင့် ကြားနာပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ ကိုဗစ်လှိုင်းနှင့် ရွေးကောက်ပွဲ မဲဆွယ်ရေး အားစမ်းနေသည့်ကာလ၌ပင် ၎င်းတို့နှစ်ဦးကြား ထိပ်တိုက်တွေ့မှုများ အရှိန် ဆက်လက်မြင့်တက်ခဲ့သည်။

စုံစမ်းရေးအစီအရင်ခံစာကို ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့တွင် ပြည်နယ်လွှတ်တော်

စာမျက်နှာ ၂ သို့

အစည်းအဝေး၌ မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၆ မဲ၊ ကန့်ကွက်မဲ ၄ မဲ ရရှိကာ ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိုအား အယုံအကြည်မရှိသည့်အတွက် ရာထူးမှဖယ်ရှားရန် လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

စက်တင်ဘာလ ၃ ရက်နေ့တွင် စွပ်စွဲပြစ်တင်သူအဖြစ် တင်သွင်းသည့်အဆို အောင်မြင်သဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုကို တာဝန်မှရပ်စဲလိုက်သည်။

သို့သော် တာဝန်ရပ်စဲခံရသည့် စက်တင်ဘာလ ၃ ရက်နေ့တွင် လွှတ်တော်အစည်းအဝေးအပြီး သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဦးအယ်လ်ဖောင်းရှိုက "ပြည်သူတွေက ဘယ်သူက အမှန်တရားကို ဖော်ဆောင်တယ်ဆိုတဲ့အဖြေကို သူတို့သိထားပြီးသားဖြစ်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲမှာ ကျွန်တော့်ကို မဲဆွယ်ပေးသလိုဖြစ်တယ်" ဟု ပြောဆိုခဲ့သည်။

ဦးအယ်လ်ဖောင်းရှိုသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအား ကိုယ်စားပြု၍ မယ်စဲ့မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) တွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရခဲ့ပြီးနောက် ကယားပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေစဉ် ဦးအယ်လ်ဖောင်းရှိုနှင့် ပတ်သက်၍ မီဒီယာများ အာရုံစိုက်ခြင်းခံရသောကိစ္စအချို့ ရှိသည့်အနက် ၂၀၁၈ ခုနှစ်အတွင်း လွိုင်ကော်မြို့၌ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ်နှင့်ပတ်သက်၍ ကန့်ကွက်ဆန္ဒပြခဲ့ကြသည့် ကရင်နီလူငယ်များကို ထိန်းသိမ်းရန် တပ်ကိုတာဝန်ပေးမည်ဟု ပြောကြားခဲ့မှုလည်း တစ်ခုအပါအဝင် ဖြစ်သည်။

စုံစမ်းစစ်ဆေးရေးဖွဲ့ခြင်း၊ စွပ်စွဲပြစ်တင်ခြင်း၊ ရာထူးမှဖယ်ရှားခံရမှုများ၏အစတွင် စာရင်းစစ်ချုပ်၏ အစီရင်ခံစာအရ ၂၀၁၆ ဧပြီလမှ ၂၀၁၈ မေလဆန်းပိုင်းအထိ စက်ယန္တရား ငှားရမ်းခများ၊ အခြားရငွေကျပ်သိန်း ၅,၆၇၃ ကျော်ရရှိခဲ့ရာ သုံးစွဲငွေ သိန်း ၄,၈၅၁ ကျော် ရှိခဲ့သည့် အနက်ကျပ် သိန်း ၃၇၇ ကျော်ကို ဦးအယ်လ်ဖောင်းရှို ကိုယ်ရေးကိုယ်တာအတွက်သော်လည်းကောင်း၊ ၁၃ သိန်းကျော်ကို ပါတီအရေးကိစ္စများအတွက်သော်လည်း သုံးစွဲခဲ့သည့်ကိစ္စများပါဝင်သည်။

ထိုအသုံးစရိတ်များထဲတွင် ၂၀၁၆ နှစ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သဘာပတိအဖွဲ့ဝင် ဦးဝင်းထိန်၏သမီး မင်္ဂလာဆောင်အတွက် ငွေကျပ်နှစ်သိန်း လက်ဖွဲ့ခဲ့ကြောင်းလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ကယားပြည်နယ်အတွင်း ပွတ်တိုက်မှုနှင့် ထိပ်တိုက်တွေ့မှုများ တစ်ဆင့်ပြီးတစ်ဆင့် ဇာတ်အရှိန်မြင့်နေချိန် စုံစမ်းစစ်ဆေးရေး ငါးဦးကော်မတီတွင် ပါဝင်ခဲ့ပြီးမှ ပြန်လည်နုတ်ထွက်သွားသည့် ဒီးမော့ဆိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် (ခ) စဲရယ်၏ အခန်းကဏ္ဍကိုလည်း ချန်ထား၍မရပေ။

ဤသို့နုတ်ထွက်ခြင်းက လွှတ်တော်ကို ထိခိုက်စေသဖြင့်သဖြင့် ဦးသိန်းအောင်ကို ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးက မကြာခင် အနည်းဆုံး ပုဒ်မသုံးခုဖြင့် တရားစွဲဆိုသွားမည်ဟု အောက်တိုဘာလ ၆ ရက်နေ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အွန်လိုင်းမှတစ်ဆင့်ကြားနာအပြီး သတင်းထောက်များကို ပြောသည့်အထိ ပဋိပက္ခမျက်နှာစာ ကျယ်ပြန့်လာခဲ့သည်။ သို့သော် ဦးသိန်းအောင်ကို မည်သည့်အချိန်၊ မည်သည့်ပုဒ်မများဖြင့် တရားစွဲဆိုမည်ဟု ထုတ်ဖော်ပြောဆိုခြင်းကား မရှိချေ။


ဓာတ်ပုံ-Mizzima

ပြောသည့်အတိုင်း လုပ်မည် (တရားစွဲမည်) ဟု ဦးလှထွေးက ဆိုသဖြင့် ပြည်နယ်ဝန်ကြီးချုပ်ဖြုတ်ချရေး အားပြိုင်မှုတွင် သက်ဆိုင်ရာဥပဒေဘောင်အတွင်းမှာ ကိုယ်စွဲကိုင်နိုင်သည့်အချက်ကို ခြေကုပရယူထားနိုင်ပုံရသည်ဟု မှတ်ယူရသည်။ ဦးအယ်လ်ဖောင်းရှိုဘက်ကမူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအထိတက်ပြီး စစ်မျက်နှာဖွင့်ခဲ့ပြီးဖြစ်သည်။

ဦးလှထွေးသည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ NLD ပါတီ ကိုယ်စားပြု၍ ရှားတောမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာတွင် အနိုင်ရခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ ပွတ်တိုက်မှုများ၏ အကျိုးဆက်အဖြစ် ယခုဦးလှထွေးသည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီမှနုတ်ထွက်ပြီး တစ်သီးပုဂ္ဂလအဖြစ် ရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ကာ ရှားတောမြို့နယ်၌ ဝင်ရောက်ယှဉ်ပြိုင်မည့်လမ်းကို ရွေးချယ်ထားသည်။

ပြည်နယ်ဝန်ကြီးချုပ်တစ်ဦး စွပ်စွဲပြစ်တင်ခံရမှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ အဆိုတင်သွင်းမှုမှာ ၂၀၂၀ ခုနှစ်အတွင်း ပထမဆုံးအကြိမ်လည်း ဖြစ်သည်။

တရားလွှတ်တော်ရှေ့နေ ဒေါ်မင်းမင်းစိုးက ဦးအယ်လ်ဖောင်းရှိုဘက်မှ အမှုလိုက်ပါဆောင်ရွက်ပေးပြီး လွှတ်တော်ဥက္ကဋ္ဌဦးလှထွေးကမူ ကိုယ်တိုင်ကိုယ်စားပြုတက်ရောက်ခဲ့သည်။ Law Home အဖွဲ့မှ အထက်တန်းရှေ့နေ ဦးကျော်ဝဏ္ဏအောင်က နောက်တစ်ကြိမ် ဤကဲ့သို့ဖြစ်လျှင် ဥပဒေတွင် ဝိဝါဒကွဲပြားစေခြင်းက တစ်ပိုင်းနှင့် ဝန်ကြီးချုပ်အနေဖြင့် ၎င်း၏တာဝန်မှ ဖယ်ရှားချခံရမှုတွင် မိမိဂုဏ်သိက္ခာနှင့် ပါတီဂုဏ်သိက္ခာတို့ကို ပြန်လည်အဖတ်ဆယ်လိုသဖြင့် ခုံရုံးတက်ခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်သည်။

"ရုံးတော် သဟာရရဲ့ လျှောက်လဲချက်အပေါ်မှာ ဒီကလွှတ်တော်

စာမျက်နှာ ၃ သို့




**အောက်တိုဘာ ၂၇ တွင် e-court စနစ်ဖြင့် ပြုလုပ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အပြီးသတ်စီရင်ချက်ကြားနာမှု။**

ကိုယ်စားလှယ် တော်တော်များများကလည်း ဝေဖန်သံ နည်းနည်းဆူသွားတယ်။ အဲဒီ (အောက်တိုဘာ) ၆ ရက်နေ့မှာဆိုရင် လွှတ်တော်ကိုယ်စားလှယ်တော်တော်များများက အမြင့်ဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်တဲ့ကိစ္စကို ဒီလိုမျိုး ခုံရုံးကနေ ဆုံးဖြတ်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေက အလကားဖြစ်သွားမှာပေါ့ဆိုတဲ့ ပြောဆိုချက်တွေ ကြားရခြင်းအားဖြင့် ဒီလွှတ်တော်နဲ့ အစိုးရကြားမှာ ပိုပြီးတော့ ပြင်းထန်လာနိုင်တယ်"ဟု ပြောသည်။

ခုံရုံးက e-Court စနစ်ဖြင့် နှစ်ဖက်အပြန်အလှန် ကြားနာခဲ့ပြီး အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့ပြီး ခုံရုံးနည်းဥပဒေ (၁၉) အရ ပုံစံ (၈) ဖြင့် ခုံရုံး အင်တာနက်စာမျက်နှာတွင် ထုတ်ပြန်ပေးသွားသည်။

## ခုံရုံး၏ အပြီးသတ်အမိန့်

ကယားပြည်နယ်ဝန်ကြီးချုပ်ဟောင်း စွပ်စွဲပြစ်တင်ခံရမှုနှင့် ပတ်သက်၍ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဝန်ကြီးချုပ်ဟောင်း လျှောက်ထားတင်သွင်းသည့်အတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးလိုက်သည်။

ပြည်နယ်လွှတ်တော်က စွပ်စွဲပြစ်တင်ဖြုတ်ချခဲ့သည့် ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှီသည် ခုံရုံးသို့ တင်သွင်းခွင့်ရှိသူ ဟုတ်မဟုတ်၊ စွပ်စွဲပြစ်တင်သူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ငါးဦးအနက် တစ်ဦးနုတ်ထွက်ထားသဖြင့် စွပ်စွဲပြစ်တင်မှု မြောက်မမြောက်နှင့် စွပ်စွဲပြစ်တင်သူသုံးဦးကို စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ထည့်သွင်းထားခြင်းသည် ဥပဒေနှင့်ညီမညီစသည့် အချက်သုံးချက်နှင့် ပတ်သက်၍ နှစ်ဖက်ကြားနာပြီးနောက် ခုံရုံးက အပြီးသတ်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

"ဦးအယ်လ်ဖောင်းရှီသည် တာဝန်မှရပ်စဲခြင်းမခံရမီ တာဝန်ထမ်းဆောင်ဆဲကာလအတွင်း ၃၁.၈.၂၀၂၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံမှတစ်ဆင့် တင်သွင်းခဲ့ခြင်းဖြစ်သဖြင့် ၎င်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာ တင်သွင်းခွင့်ရှိသူဖြစ်ကြောင်း ဖြေဆိုလိုက်သည်" ဟု ပထမအချက်နှင့်ပတ်သက်၍ ခုံရုံးအဖွဲ့ဝင် ဦးခင်မောင်ချိုက အမိန့်ချမှတ်ခဲ့သည်။

စွပ်စွဲပြစ်တင်သူတစ်ဦး နုတ်ထွက်ထားသဖြင့် စွပ်စွဲပြစ်တင်မှုမြောက်မမြောက်နှင့် ပတ်သက်၍ အငြင်းပွားမှုရှိခဲ့ရာ ဝန်ကြီးချုပ်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနှင့် သက်ဆိုင်သည့် အခြေခံဥပဒေပုဒ်မ ၂၆၃ (ခ) ကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန် ဦးအယ်လ်ဖောင်းရှီ၏ ရှေ့နေ ဒေါ်မင်းမင်းစိုးက အောက်တိုဘာ ၆ ကြားနာမှုတွင် လျှောက်ထားခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့ကို လွှတ်တော်ဥက္ကဋ္ဌတစ်ဦးတည်း၏ သဘောထားဖြင့် ဖွဲ့စည်းခြင်းမဟုတ်ဘဲ လွှတ်တော်တွင် အဆိုတစ်ရပ်ထပ်မံတင်သွင်း၍ ကိုယ်စားလှယ်သုံးပုံနှစ်ပုံက ထောက်ခံမှသာ စစ်ဆေးမှု ဆက်လက်ဆောင်ရွက်ရမည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပေးရန်လိုအပ်ကြောင်း ဒေါ်မင်းမင်းစိုးက လျှောက်ထားခဲ့သည်။

အခြေခံဥပဒေပုဒ်မ ၂၆၃ (ခ) တွင် တိုင်းနှင့်ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးတစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက သက်ဆိုင်ရာ တိုင်း သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးကာ စွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌထံတင်ပြရန် ဖော်ပြထားပြီး လွှတ်တော်သို့အဆိုတင်သွင်းရန် မလိုအပ်ပေ။

ကြားနာမှုတွင် အဆိုပါ ပုဒ်မ ၂၆၃ ပုဒ်မခွဲ (ခ) ကို ခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရာတွင် စွပ်စွဲချက်ကိုတိုင်း သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးကာ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အဆိုတစ်ရပ်အနေဖြင့် တင်ပြရမည်ဟု အမိန့်ချမှတ်ခဲ့သည်။

စာမျက်နှာ ၄ သို့

ကိုယ်စားလှယ်တစ်ဦး နုတ်ထွက်ခဲ့ပြီးနောက် စုံစမ်းစစ်ဆေးရေး လုပ်ငန်းများလုပ်ဆောင်ခဲ့ခြင်းသည် လွှတ်တော်ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်ဖြစ်သောကြောင့် ခုံရုံးကဆုံးဖြတ်ပိုင်ခွင့်မရှိသော်လည်း နောင်တွင် ပေါ်ပေါက်လာမည့် ပြဿနာများဖြေရှင်းနိုင်ရန်အတွက် အနက်အဓိပ္ပာယ်ဖွင့်ဆိုခွင့်ရှိကြောင်း ခုံရုံးကဆိုသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် စွပ်စွဲပြစ်တင်သူသုံးဦး ပါဝင်နေသည့်အတွက် အငြင်းပွားမှုနှင့်ပတ်သက်၍ အခြေခံဥပဒေပုဒ်မ ၂၆၃ (ဂ) တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စွပ်စွဲသူများမှအပ အခြားသင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက် လိုအပ်သည်ဟုလည်း ဦးအယ်လ်ဖောင်းရှို၏ ရှေ့နေက တင်ပြထားသည်။

ယခင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ (ဂ) တွင် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးစေရမည်ဟုသာ ပြဋ္ဌာန်းထားပြီး စွပ်စွဲပြစ်တင်သည့် ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းခွင့် ရှိမရှိ တိကျစွာပြဋ္ဌာန်းမထားပေ။

ယနေ့ကြားနာမှုတွင် ခုံရုံးက ပုဒ်မ ၂၆၃ (ဂ) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို 'သင့်လျော်သော' လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း၍ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရမည်ဟု ခုံရုံးက အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးလိုက်သည်။

ဦးအယ်လ်ဖောင်းရှိုကို စွပ်စွဲပြစ်တင်သူ ဦးသဲရယ်၊ ဦးခင်မောင်ထွန်းနှင့် ဦးစိုးရယ်တို့ကို လွှတ်တော်စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ထည့်သွင်းခဲ့ခြင်းသည် လွှတ်တော်ဥက္ကဋ္ဌ၏ ဆောင်ရွက်ချက်များဖြစ်သဖြင့် ခုံရုံးက စီစစ်ပိုင်ခွင့်မရှိကြောင်း၊ သို့သော် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ရာတွင် စည်းကမ်းသတ်မှတ်ချက်များ လိုအပ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ (ဂ) ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဖြစ်ကြောင်း ခုံရုံးက အမိန့်ချမှတ်ခဲ့သည်။

သို့သော် "သင့်လျော်သော ကိုယ်စားလှယ်များ"ဆိုသည့် စကားရပ်အပေါ် တိကျစွာဖော်ညွှန်းချက် မပါဝင်ပေ။

အထက်ပါအကြောင်းကိစ္စသုံးရပ်နှင့်စပ်လျဉ်း၍ ခုံရုံးက ယနေ့ချမှတ်သည့်အမိန့်တွင် ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ လုပ်ဆောင်ချက်များ အခြေခံဥပဒေနှင့်ညီမညီကို ဆုံးဖြတ်ခြင်းမဟုတ်ဘဲ အခြေခံဥပဒေပုဒ်မနှစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန် ဦးအယ်လ်ဖောင်းရှို၏ တင်သွင်းလွှာအပေါ်တွင်သာ ခုံရုံးကအမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

## စွပ်စွဲပြစ်တင်မှုအပေါ် ခုံရုံးဆုံးဖြတ်ခွင့်မရှိ

အပြီးသတ်ဆုံးဖြတ်ချက်အရ ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိုအား ပြည်နယ်လွှတ်တော်က စွပ်စွဲအပြစ်တင်မှု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ၊ မညီဆိုသည်မှာ ဥပဒေပြုအာဏာပိုင်များ၏ ဆောင်ရွက်ချက်ဖြစ်၍ ခုံရုံး၌ဆုံးဖြတ်ခွင့်မရှိဟု အမိန့်ချခဲ့ခြင်းဖြစ်သည်။

သို့သော် ကယားပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သော်လည်း လုပ်ထုံးလုပ်နည်းပိုင်းတွင် အနည်းငယ်မေးခွန်းထုတ်စရာရှိခဲ့ကြောင်း၊ လွှတ်တော်နှင့် ဦးအယ်လ်ဖောင်းရှိုတို့ အငြင်းပွားမှုသည် ဂုဏ်သိက္ခာပိုင်းနှင့် သက်ဆိုင်သည့် အမှုအခင်းဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ကျွမ်းကျင်သူ The Fifth Pillar ၏ လုပ်ငန်းအစီအစဉ်ဒါရိုက်တာ ရှေ့နေဦးနေဝင်းနိုင်က Myanmar Now ကို ပြောသည်။

"ဒီဆုံးဖြတ်ချက်တွေကလည်း နဂိုဥပဒေပြုအာဏာပိုင်ဖြစ်တဲ့ ကယားပြည်နယ်လွှတ်တော်က ဆုံးဖြတ်ထားတဲ့အပေါ်မှာ ပြောင်းလဲသွားမှာမျိုးကတော့ အများကြီးမရှိဘူး။ သို့ပေမယ့်လို့ ဂုဏ်သိက္ခာအရ ပြောမယ်ဆိုရင် ဒီလိုမျိုး စွပ်စွဲပြစ်တင်ခံရတဲ့ လူတစ်ယောက်မှာလည်း ဥပဒေနှင့်ညီညွတ်ခြင်းရှိခဲ့သလား မရှိခဲ့ဘူးလား အဲဒါမျိုးတွေ ရှိလား မရှိဘူးလားဆိုတဲ့ ကိစ္စတွေကတော့ နိုင်ငံရေးသမိုင်းဖြစ်သွားတာပေါ့"ဟု ဦးနေဝင်းနိုင်က ပြောသည်။

ဥပဒေစကားရပ်များကို ခုံရုံးတွင် ယခုကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုလိုက်ခြင်းအားဖြင့် နောင်တွင် အငြင်းပွားစရာကိစ္စများ ပေါ်ပေါက်လာပါက ပြန်လည်ကိုးကားအသုံးပြုနိုင်ပြီး လွှတ်တော်များတွင် ဥပဒေပြင်သည့်အခါ မဖြစ်မနေထည့်သွင်းရန် လိုအပ်သည်ဟု ဦးနေဝင်းနိုင်က ဆိုသည်။

"ကျွန်တော်တို့နိုင်ငံအတွက် ပြောမယ်ဆိုရင်တော့ Case Study အသစ်လို့ပဲ ပြောရမှာပေါ့။ ဒါမျိုးတွေက တစ်ခါမှမဖြစ်ခဲ့ဘူးလေ။ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကယားပြည်နယ်လွှတ်တော်ရဲ့ ဒီလိုအငြင်းပွားမှုတွေကို ကြားရတာကတော့ ကျွန်တော်တို့နိုင်ငံတော်မှာရှိတဲ့ ယန္တရားတွေက အသက်ဝင်လာတယ်လို့ ပြောရမှာပေါ့"ဟု ၎င်းကဆိုသည်။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ၂၀၁၁ မှ ယနေ့အထိ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက် ၁၄ ခု ချမှတ်ခဲ့ပြီးဖြစ်သော်လည်း ပြည်နယ်ဝန်ကြီးချုပ်တစ်ဦး စွပ်စွဲပြစ်တင်၊ ဖြုတ်ချခံရမှုနှင့်ပတ်သက်၍ အဆုံးအဖြတ်ခံယူရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

## ပွတ်တိုက်မှု၏ နောက်ဆက်တွဲများ

ပွတ်တိုက်မှုနှင့် ထိပ်တိုက်တွေ့မှုများ နောက်ဆက်တွဲအဖြစ် ဦးအယ်လ်ဖောင်းရှိုကို ငွေကြေးသုံးစွဲမှုများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးသဲရယ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံ တိုင်ကြားခဲ့သည်။ စက်တင်ဘာလ (၈) ရက်နေ့ ရက်စွဲနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌထံ တိုင်ကြားစာပေးပို့ခဲ့ရာတွင် ဝန်ကြီးချုပ်ဟောင်းဦးအယ်လ်ဖောင်းရှိုကို စွပ်စွဲပြစ်တင်သည့်အကြောင်းအရာအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ပြည်သူ့ဘဏ္ဍာငွေနှင့် ဝယ်ယူထားသည့် စက်ယန္တရားဟောင်းရမ်းငွေကို နိုင်ငံတော်ဘတ်ဂျက်သို့ ပေးသွင်းခြင်းမရှိဘဲ ကိုယ်ရေးကိုယ်တာကိစ္စအတွက် သုံးစွဲခြင်း၊ ဒေသဖွံ့ဖြိုးရေးအကြောင်းပြပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပြီး အဂတိလိုက်စားဆောင်ရွက်ခဲ့ကြောင်း ပါဝင်သည်။

## လှိုင်ကော်မြို့မရဲစခန်းသို့ ရောက်ခြင်း

စက်တင်ဘာလ ၃၀ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အကြောင်းပြန်ကြားခဲ့ပြီး သက်ဆိုင်ရာဌာနမှ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ထိုစာကိုအားပြု၍ ဦးအယ်လ်ဖောင်းရှိုကို ငွေကြေးသုံးစွဲမှုများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ပေးရန် လှိုင်ကော်မြို့မရဲစခန်း၌ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဖရူဆိုမြို့နယ်

စာမျက်နှာ ၅ သို့




**အောက်တိုဘာလ ၆ တွင် ပြုလုပ်သည့် အခြေခံဥပဒေဆိုင်ရာခုံရုံးကြားနာမှုအပြီး လွှတ်တော်ဥက္ကဋ္ဌဦးလှထွေးကို ကယားပြည်နယ်လွှတ်တော် သတင်းစာရှင်းလင်းပွဲ၌ တွေ့ရစဉ်။ (ဓာတ်ပုံ- ကေဇွန်နွေး/ Myanmar Now)**

မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က တိုင်ကြားထားသော်လည်း အမှုဖွင့်ပေးခြင်းတော့ မရှိသေးချေ။

ဦးသဲရယ်သည် ကယားပြည်နယ်ဝန်ကြီးချုပ်အပေါ် စွပ်စွဲပြစ်တင်မှု၌ ကယားပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပေးထားသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူလည်းဖြစ်သည်။

တစ်ဖက်တွင် ကယားပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးအယ်လ်ဖောင်းရှိုကို စွပ်စွဲပြစ်တင်သည့်အဖွဲ့မှ ပြန်လည်နုတ်ထွက်ခဲ့သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်အား ပြည်နယ်လွှတ်တော်ပုံရိပ်ကိုထိခိုက်စေမှုဖြင့် တရားစွဲဆိုမည်ဟု လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးကဆိုသည်။

"ကျွန်တော်လည်း ကျွန်တော့်ကိုယ်စားလှယ်တစ်ယောက်ရဲ့ အရည်အချင်းကို (၄) နှစ်လုံးမှာ ကျွန်တော်က လေ့လာပြီးသား။ သူ့အရည်အချင်း အဲဒီလောက်မရှိဘူး။ တကယ်ဖိအားပေးလို့ရှိရင် သူရေးပေးတဲ့စာအရပဲ အဲဒီလိုပဲ ဖိအားပေးခြင်းဖြစ်လိမ့်မယ်။ ကျွန်တော်တို့ကတော့ ဖိအားမပေးဘူး။ ဦးသိန်းအောင် ဒီလိုလုပ်ပါလားတစ်ခွန်းမှ မပြောခဲ့ဘူး ကျွန်တော်တို့တွေ။ ဒါပွင့်ပွင့်လင်းလင်း သူနဲ့လည်း သုံးပွင့်ဆိုင်ရှင်းလို့ရတယ်။ ဦးသိန်းအောင် ဒါလက်မှတ်ထိုးတစ်ခါမှ ကျွန်တော်မပြောဘူး။ သူကကျတော့ ကျွန်တော့်ကို သက်သက်ဖိအားပေးတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲ ကိုယ်စားလှယ်မပါတဲ့အတွက် လုပ်တယ်ဆိုတဲ့ဟာအနောက်က လက်ညိုးကြီးတွေရှိတယ်။" ဟု ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးက ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ပြောကြားခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်းဦးအယ်လ်ဖောင်းရှိုကို စွပ်စွဲပြစ်တင်သည့်အဖွဲ့မှ နုတ်ထွက်ခဲ့သည့် ဒီးမော့ဆိုမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် (ခ) စဲရယ်က ၎င်း၏ နုတ်ထွက်စာတွင် ဖော်ပြခဲ့သည့် အကြောင်းအရာများမှာ ကယားပြည်နယ်လွှတ်တော်တစ်ခုလုံး၏ ပုံရိပ်ကိုထိခိုက်စေတာကြောင့် ပုဒ်မကြီးသုံးခုဖြင့် တရားစွဲဆိုရန်ပြင်ဆင်ထားပြီး လတ်တလောတွင် စွဲဆိုမည့်ပုဒ်မများကို ပြောဆိုလိုခြင်းမရှိသေးကြောင်း လွှတ်တော်ဥက္ကဋ္ဌဦးလှထွေးက ပြောသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးမှသည် လွိုင်ကော်မြို့မရဲစခန်းအထိ အခြေအနေရှုပ်ထွေးနေချိန်တွင် မည်သည့်ပုဒ်မများက မည်သည့်ရလဒ်ထွက်လာမည်ကို စိတ်ဝင်စားနေကြချိန်၌ ဦးအယ်လ်ဖောင်းရှိုက အထွေထွေရွေးကောက်ပွဲအတွက် မယ်စဲ့မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တွင် ပါတီအတွက် မဲဆွယ်မှုများ ပြုလုပ်နေသကဲ့သို့ တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ရွေးကောက်ခံမည့် ဦးလှထွေးကလည်း ရှားတောမြို့နယ်တွင် မဲဆွယ်မှုများ ပြုလုပ်နေကြသည်။

တစ်ဦးချင်း ပွတ်တိုက်မှုမှစလိုက်သော ဥပဒေကိုင်၍ စီးချင်းထိုးနေမှုများသည် လာမည့်ကယားပြည်နယ်၏ နိုင်ငံရေးအခင်းအကျင်းနှင့် လွှတ်တော်တွင်း အားပြိုင်မှုများအပေါ် မည်သို့ဆက်လက်သက်ရောက်နိုင်သည်ကိုမူ စောင့်ကြည့်ရန်သာဖြစ်ပါသည်။

**ကိုးကား-**

၁။ https://7day.news/detail?id=203453&fbclid=IwAR0AAo8fGh_Mu3loitoH_BtLTWDq-jV34MXp5rSChIcApZnKisL7tMiXISx4

၂။ https://www.kantarawaddytimes.org

၃။ http://www.mizzimaburmese.com/article/74494

၄။ https://www.myanmar-now.org/mm/news/4816?fbclid=IwAR2yxxEOPIUxrKn-79feg8Li4rKKvkGFyH7-5MbKIVP1KDGXOpv7pouHXA

၅။ https://www.tachileik.net/2020/10/UHlaHtwe.html